ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၄) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၂း၂၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့အစီအစဉ်ကို နံနက် ၁၂း၂၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## **အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၂၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၉.၀၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့(၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ
ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၂း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကျန်းမာရေး။ ဒေါက်တာဒွေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ငြိမ်းချမ်းရေးအစည်းအဝေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကျန်းမာရေး။ ဦးလှသိန်း၊ မွန်(၆)၊ ကျန်းမာရေး။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဒွေးရယ်၊ ကယား(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကျန်းမာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောက်ရွက်ရန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဒွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ နာယကမှ အစည်းအဝေးခေါ်ယူ။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊

မကွေး(၃)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ကျန်းမာရေး။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးကျော်နုမော်၊ တပ်မတော်၊ တာဝန်။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၂း၃၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထား သူ(၄၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၂း၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်

အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၅။**

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအားအမှူးထား၍ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကို ဂါရဝပြုပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးခင်မောင်ရီ က တင်သွင်းမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ - ၆၅၂
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလ ၁၁ ရက်

၁။ ပြည်သူ့လွှတ်တော်က ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်းကို (၇-၁၂-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၁၀-၁၂-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ နိုင်ငံတော်ကရယူသည့် ပြည်တွင်းပြည်ပ ကြွေးမြီများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့က လိုက်နာဆောင်ရွက်ရန် တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကြွေးမြီစီမံခန့်ခွဲခြင်းများ၊ နိုင်ငံတော်၏ အာမခံချက်များ၊ ကြွေးမြီပြုစုခြင်းများ၊ အစီရင်ခံခြင်းများ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ စည်းမျဉ်းစည်းကမ်းများကို နိုင်ငံတကာကျင့်ထုံးများ နှင့်အညီ ခိုင်မာစွာ ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်ခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော်က ပြည့်စုံစွာ ပြင်ဆင် အတည်ပြုထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**အချိန်၊ ၁၂း၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေး ထိုးပြီး ၁၆-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ဘက်စုံပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူလက်ခံထားသဖြင့်လည်းကောင်း၊ ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့ အတွက်လည်းကောင်း၊ ဘက်စုံပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူ မတူ လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဘက်စုံပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ကာကွယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ ရန်ကုန်တိုင်းဒေသကြီး၊ (တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကိုကိုးကျွန်း) မြို့နယ်များအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေလှူဒါန်းခြင်း အစီရင်ခံစာ (၈/၂၀၁၅)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာခြင်း**

**အချိန်၊ ၁၂း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ ကာကွယ်ရေးနှင့်ကူညီစောင့်ရှောက်ရေး ကော်မတီက ရန်ကုန်တိုင်းဒေသကြီး၊ (တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကိုကိုးကျွန်း) မြို့နယ်များအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေလှူဒါန်းခြင်း အစီရင်ခံစာ(၈/၂၀၁၅)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။ ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၃၈။**

**ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ၊ ကာကွယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်အမျိုးသားလွှတ်တော်၊ ကာကွယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ မှ ရန်ကုန် တိုင်းဒေသကြီး၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တိုနှင့် ကိုကိုးကျွန်းမြို့နယ်များ အတွင်းမှာ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီစောင့်ရှောက်မှုများနှင့် အထွေထွေလှူဒါန်းခြင်း အစီရင်ခံစာ(၈/၂၀၁၅)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ အမျိုးသားလွှတ်တော်၊ ကာကွယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေနှင့် အဖွဲ့သည် ၄-၈-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်(အရှေ့ခြမ်း ဒေသ)သို့ သွားရောက်ပြီးတော့ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ၎င်းခရီးစဉ်တွင် နတ်စင်ကုန်းကျေးရွာ၊ အ.ထ.က ကျောင်း မြေကွက်ဝယ်ယူရန် အလှူငွေပေးအပ်ခြင်း၊ မြင့်မြတ်နှလုံးသား လူမှုကူညီရေးအဖွဲ့အား ထောက်ပံ့ငွေ လှူဒါန်းခြင်း၊ သမင်ခြံကျေးရွာ၊ တော်ပြာကျေးရွာ၊ ထန်းတပင်ကျေးရွာနှင့် သရက်တော ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက်ကို အလှူငွေပေးအပ်ခြင်း၊ ထန်းမနိုင်ကျေးရွာ ရွှေကျောင်း ဘုန်းကြီးကျောင်း ပြုပြင်ရန် လှူဒါန်းခြင်း၊ ရွာတွင်း ချို့တဲ့အိမ်များ လျှပ်စစ်မီးသွယ်တန်းရန်အတွက် ထောက်ပံ့လှူဒါန်းခြင်းနှင့် အ.ထ.က ကျောင်းအဝင် ကွန်ကရစ်တံတား တည်ဆောက်ရန်၊ နောက်တစ်ခါ ကိုးတောင်ကျေးရွာ ရွာချင်းဆက်လမ်းများ ကွန်ကရစ်ခင်းရန်၊ ကန်သုံးကန်ကျေးရွာ ရွာချင်းဆက်လမ်းများ ကွန်ကရစ်ခင်းရန်နှင့် ဆပ်ချောင်းကျေးရွာ ရွာချင်းဆက်လမ်းများ ကွန်ကရစ်ခင်းရန် လုပ်ငန်းများအတွက် ထောက်ပံ့လှူဒါန်းခြင်း၊ ဖရုံချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန်နှင့် ကော့မှူးမြို့ သန္တာရာမကျောင်းတိုက် ဆရာတော် ဈာပနအတွက် လှူဒါန်းခဲ့ပါတယ်။ ၎င်းကော့မှူးခရီးစဉ် အရှေ့ခြမ်း အတွက်ကို လှူဒါန်းငွေမှာ သိန်းပေါင်း(၆၅၀)ဖြစ်ပါတယ်။

၂။ အမျိုးသားလွှတ်တော်၊ ကာကွယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ သည် ၅-၈-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်သို့ သွားရောက်၍ ဒေသခံ ပြည်သူများနဲ့ တွေ့ဆုံပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်

လှူဒါန်းခဲ့ပါတယ်။ ၎င်းခရီးစဥ်တွင် ကွမ်းခြံကုန်းပညာရေးမှူးရုံးတွင် ဆရာ/ဆရာမများ ဝတ်စုံဖိုးများ အတွက် လှူဒါန်းခြင်း၊ ကွမ်းခြံကုန်း ရေဘေးကယ်ဆယ်ရေးအတွက် လှူဒါန်းခြင်း၊ တော်ကူး အနောက်ကျေးရွာ ချောင်းကူးသစ်သားတံတားပြုပြင်ခြင်း၊ တောင်ဘက်ပိုင်းရပ်ကွက် ကညင်ကုန်း ကျေးရွာအုပ်စု၊ အောက်ဆိပ်ကျေးရွာ၊ သီရိမင်္ဂလာအနောက်၊ သီရိမင်္ဂလာအရှေ့၊ ရေတိမ်ကျေးရွာ ရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်း လုပ်ငန်းများအတွက် ထောက်ပံ့လှူဒါန်းခြင်း၊ မှော်ဘီကျေးရွာ အခါတ်ဘုန်းကြီးကျောင်း ပြုပြင်ရန်နှင့် ကြခတ်ဘုန်းကြီးကျောင်း ရွာမီးလင်းရေးအတွက် လှူဒါန်းခြင်း၊ ပဲကောက်ကျေးရွာ ရွာတွင်း လမ်းပြုပြင်ခြင်း၊ ကံလျားရှည်ဘုန်းကြီးကျောင်းပြုပြင်ရန် လှူဒါန်းခြင်း၊ ကော့ဒွန်းကျေးရွာ အဝိုင်းချောင်း ကူးသစ်သားတံတား ပြုပြင်ရန် လုပ်ငန်းများအတွက် ထောက်ပံ့လှူဒါန်းခြင်းများအပြင် တော်ပြာကျေးရွာ၊ တော်ခရမ်းအနောက်၊ ကမာတကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် လှူဒါန်းခြင်း၊ ဝါးကောက်တော ကျေးရွာ၊ ထန်းပင်ကုန်း ရေကန်ခြံစည်းရိုး ကာရံခြင်းနှင့် လမ်းခင်းရန် လှူဒါန်းခြင်း၊ ဆူးကလပ်ထင်းပုံဆိပ် ရေမြောင်းပြွန်တပ်ရန်နှင့် ကံကြီး၊ မကျီးရပ်ကွက် ပျဥ်ထောင်ကျောင်းလမ်း ကွန်ကရစ် လမ်းခင်းရန် အတွက် လှူဒါန်းခြင်း၊ ဒရယ်လူးကျေးရွာ မေတ္တာရှင် လူမှုရေးအသင်းအတွက် ရန်ပုံငွေနှင့် ကရင်စာပေ နှင့် ယဥ်ကျေးမှုအသင်းအား ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။ ၎င်းကွမ်းခြံကုန်းမြို့နယ် ခရီးစဥ်အတွက် လှူဒါန်းငွေမှာ (၆၂၉.၈၈)သိန်း ဖြစ်ပါသည်။

၃။　　အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ သည် ၆-၈-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များကို သွားရောက်ပြီး တော့ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေ များပေးအပ်ခဲ့ပါတယ်။ ၎င်းခရီးစဥ်တွင် မိုးကောင်းပရိယတ္တိ ကျောင်းတိုက်တွင် ပင့်သံဃာ(၁၆)ပါးနှင့် ကိုရင်(၄၄)ပါးအား ဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းခြင်း၊ အ.ထ.က ကျောင်းမှာ ဆရာ/ဆရာမ (၂၄၄)ဦးအတွက် ဝတ်စုံဖိုး လှူဒါန်းငွေပေးအပ်ခြင်း၊ ဂရုဏာရှင်နာရေးကူညီမှုအသင်းနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင် အင်အား(၁၁၀)အတွက် ဝတ်စုံဖိုးများအား လှူဒါန်းခြင်း၊ မီးသတ်တပ်ဖွဲ့ဝင် အင်အား(၂၀၀) အတွက် ဝတ်စုံဖိုးနှင့် အမျိုးသမီးရေးရာ မိခင်နှင့်ကလေး(၂၀၀)အတွက် ဝတ်စုံဖိုးများ လှူဒါန်းခြင်း၊ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအသင်းအား လှူဒါန်းခြင်း၊ မေတ္တာမဏ္ဍိုင် လူမှုရေးအသင်း (၁၁၀) အတွက် ဝတ်စုံဖိုးလှူဒါန်းခြင်း၊ ဦးထွန်းအို ပရဟိတအသင်း(၆၀)အတွက် ဝတ်စုံလှူဒါန်းခြင်း၊ ကျန်းမာရေး ဆေးပေးခန်းနှင့် သခင်ဘသောင်း နာရေးကူညီမှုအသင်းအတွက် အလှူငွေများ ပေးအပ် လှူဒါန်းခြင်းတို့အပြင် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူများအတွက် ဆီနှင့် ဆန် အိတ်များအား လှူဒါန်းခဲ့ပါတယ်။ အဲဒီဆိပ်ကြီးခနောင်တိုမြို့နယ် ခရီးစဥ်အတွက်ကို လှူဒါန်းငွေ (၁၇၇၇. ၅၅)သိန်း ဖြစ်ပါတယ်။

၄။　　အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ဥက္ကဋ္ဌနဲ့အဖွဲ့ဟာ ၇-၈- ၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်သို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပါတယ်။ အဲဒီ ခရီးစဥ်မှာ တွံတေးမြို့နယ်၊ အ.ထ.က(၁)ကျောင်းမှာ မြို့နယ်ဘင်ခရာအဖွဲ့ကို ထောက်ပံ့လှူဒါန်းခြင်း၊ အိုးဘိုအနောက်ရပ်ကွက် ဓမ္မကာရာမဓမ္မာရုံ ပြင်ဆင်ခြင်းနှင့် ကုလားတန်သုံးအိမ် ချောင်းကူးတံတား တည်ဆောက်ရန်အတွက် လှူဒါန်းခြင်း၊ တလုတ္ထော်ရွာမဝိဟာရကျောင်းတိုက် ဆက်လက် ဆောက်လုပ်ရန်

အတွက် လျှုဒါန်းခြင်း၊ မြဂိုးကျေးရွာမီးလင်းရေးအတွက် ထရန်စဖော်မာဝယ်ရန် လျှုဒါန်းခြင်း၊ တွံတေးဝ လမ်း(၂.၅)မိုင် ဖောက်လုပ်ရန် စက်မောင်းဆီနှင့် သဝန်းတောကျေးရွာအုပ်စု၊ ကညွတ်ကုန်းရွာ သောက် ရေကန်ကာရံခြင်း လုပ်ငန်းများအတွက် လျှုဒါန်းခြင်း၊ ၂၀၁၅ ပညာသင်နှစ် ထူးချွန်ကျောင်းသား ပညာသင် ထောက်ပံ့ငွေများ လျှုဒါန်းခြင်း၊ သဝန်းတောကျေးရွာနှင့် ပြည်တော်သာကျေးရွာ ရွာချင်းဆက် လမ်းခင်းရန်အတွက် လျှုဒါန်းခြင်း၊ ကဘင်းကျေးရွာ သောက်ရေကန်ကာရံခြင်းလုပ်ငန်းနှင့် ရန်ကုန်ပါဒ ကျေးရွာ၊ ရွှေကြာနဝင်း ဘုန်းတော်ကြီးကျောင်းများ ဆက်လက်ဆောက်လုပ်ရန်အတွက် လျှုဒါန်းခြင်း၊ မာန်ပြေဘုန်းကြီးကျောင်းလမ်း အရေးပေါ် တံတားပြင်ဆင်ရန် ထောက်ပံ့လျှုဒါန်းခြင်း။ အဲဒီတွံတေး မြို့နယ် ခရီးစဉ်အတွက်ကို လျှုဒါန်းငွေမှာ ကျပ်(၃၂၅)သိန်းဖြစ်ပါတယ်။

၅။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ သည် ၁၁-၈-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်သို့ သွားရောက်ပြီးတော့ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ကို အလှူငွေများ ပေးအပ် လျှုဒါန်းခဲ့ပါတယ်။ ၎င်းခရီးစဉ်တွင် ဆုံစွမ်းကျေးရွာ၊ ရခိုင်စုကျေးရွာ ရွာတွင်း ကွန်ကရစ်လမ်းခင်းရန်နှင့် ပုပ္ပါးကျေးရွာ ပရဟိတအသင်း ရန်ပုံငွေအတွက် လျှုဒါန်းခြင်း၊ မှော်တောကျေးရွာ ပရဟိတအသင်း အတွက်ရန်ပုံငွေနှင့်ဝါးသင်္ခအထက် စာသင်တိုက်ဆောက်လုပ်ရန်အတွက် လျှုဒါန်းခြင်း၊ ကညင်ငူကျေးရွာ ရွာဦးစေတီ မတည်အလှူငွေ လျှုဒါန်းခြင်း၊ ကော့မှူးမြို့နယ် ဆရာ/ဆရာမ(၁၂၁၇)ဦးအတွက် ဝတ်စုံဖိုး လျှုဒါန်းခြင်း၊ မဆယ်ဆိပ်ကျေးရွာ၊ ရွှေတံခါးကျောင်းဆရာတော်အား ဝတ္ထုငွေကပ်လျှုဒါန်းခြင်း၊ ရှမ်းကျွန်း ကျေးရွာ၊ သပြုစမ်းကျေးရွာ၊ ဘုရားသုံးဆူကျေးရွာ၊ ဒညင်းဆိပ်ကျေးရွာ၊ ကရင်စုကျေးရွာနှင့် အောက် ကျောင်းကျေးရွာတို့မှာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းအတွက် လျှုဒါန်းခြင်း၊ မြို့မိ/မြို့ဖအဖွဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ရန်ပုံငွေနှင့် ဆရာတော်မွေးနေ့အလှူအတွက် လျှုဒါန်းခြင်း၊ ကြည်စုကျေးရွာ စာသင်ကျောင်း ပြုပြင်ရန် အတွက်လျှုဒါန်းခြင်း၊ မှော်တောကျေးရွာ ပရဟိတအဖွဲ့အား လျှုဒါန်းခြင်း၊ ဝါးသင်္ခအလယ်ရွာ၊ ဝါးသင်္ခဈေးဆိပ်၊ စမ်းကောက်ကျေးရွာ၊ ကျိုက်ထော်(တောင်)ကျေးရွာ၊ ကျိုက်ထော်(မြောက်)ကျေးရွာ၊ တူးချောင်းရွာ၊ ကိုင်းမစမ်းရွာ၊ ရှာဘွားရွာနှင့် ကွမ်းခြံကုန်းကျေးရွာတို့တွင် ကွန်ကရစ်လမ်းခင်းရန် လုပ်ငန်းများအတွက် ထောက်ပံ့လျှုဒါန်းခြင်း၊ သန္တာရာမကျောင်းတိုက် စေတီရင်ပြင်ခင်းရန် လျှုဒါန်းခြင်း၊ ကညင်ငူကျေးရွာ တံတားမြေဖြည့်ရန် လုပ်ငန်းများအတွက် ထောက်ပံ့ငွေများ လျှုဒါန်းခဲ့ပါတယ်။ အဲဒီ ကော့မှူးမြို့နယ် ခရီးစဉ်အတွက် လျှုဒါန်းငွေမှာ (၇၅၆.၀၄)သိန်း ဖြစ်ပါတယ်။

၆။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ သည် ၂၉-၈-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်ကို သွားရောက်ပြီးတော့ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အလှူငွေများ ပေးအပ် လျှုဒါန်းခဲ့ပါတယ်။ အဲ့ဒီခရီးစဉ်တွင် ဒလမြို့နယ်ရှိ ဆရာ/ဆရာမ (၉၅၁)ဦးအတွက် ဝတ်စုံဖိုးလျှုဒါန်းခြင်း၊ အ.ထ.ကကျောင်းဝင်း ကန်မြေဖို့ရန်အတွက် လျှုဒါန်းခြင်း၊ ဒလမြို့နယ်၊ သံဃာနာယက ဆရာတော် ကျောင်းမှာ ဆရာတော်(၅)ပါးကို ဝတ္ထုငွေကပ်ခြင်း၊ ဆရာတော်ဘုန်းတော်ကြီး ပညာသင်ကျောင်းမှာ ကျောင်းသား၊ ကျောင်းသူ ဝတ်စုံ (၅၁၇) ဦးနှင့် ဆရာမဝတ်စုံ (၁၆) ဦးအတွက် ကျောင်းဝတ်စုံဖိုးများ လျှုဒါန်းခြင်း၊ ကျိုက်ခနေတ်ဆရာတော်ဘုရား(၂)ပါးအား အလှူငွေများလျှုဒါန်းခြင်းနှင့် ၎င်း ဒလခရီးစဉ်မှာ လျှုဒါန်းငွေ စုစုပေါင်းကျပ်က(၂၂၁.၅၇)သိန်း ဖြစ်ပါတယ်။

၇။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ အဖွဲ့အနေနှင့် ၃-၉-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်သို့ သွားရောက်ပြီးတော့ ဒေသခံပြည်သူများနဲ့ တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပါတယ်။ အဲဒီခရီးစဉ်မှာ သုံးအိမ်ကျေးရွာ ရွာတွင်းလမ်းချဲ့ရန်အတွက် လှူဒါန်းခြင်း၊ ကွဲ့တလင်းကျေးရွာမှာ ဘုန်းကြီးကျောင်းမှာ ဆရာတော်(၁၀)ပါးအား ဝတ္ထုငွေနဲ့လှူဖွယ်ဝတ္ထုများအား လှူဒါန်းခြင်း၊ သက်ကြီးဘိုးဘွား(၆၇)ဦးအား ထောက်ပံ့လှူဒါန်းခြင်း၊ ထိန်ကုန်းဘုန်းကြီးကျောင်းတွင် ဘုန်းတော်ကြီး (၁၁)ပါးအား ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ခလောက်ချိုက်တံတားပြင်ဆင်ရန်နှင့် သဝန်းတောကျေးရွာ၊ ကွဲ့တလင်းကျေးရွာ ရွာတွင်း လျှပ်စစ်မီးသွယ်ရန်အတွက် လှူဒါန်းခြင်း၊ သဝန်းတောကျေးရွာ ဆရာ/ဆရာမ (၇၄)ဦးအတွက် ဝတ်စုံဖိုးလှူဒါန်းခြင်း၊ ထိန်ကုန်းကျေးရွာ ဥတ္တရာမရုံကျောင်း နာရေးကူညီမှုအသင်းနှင့် တမာတကော အောက်ကျေးရွာ မငေးကျောင်းအား အလှူငွေများ လှူဒါန်းခြင်း၊ ထိန်ကုန်း မိခင်နှင့်ကလေး၊ အမျိုးသမီးဝတ်စုံ (၅၀)ဦးအတွက် လှူဒါန်းခြင်း၊ ထိန်ကုန်း၊ တမာတကော၊ ခလောက်ချိုက် ဆရာ/ဆရာမ(၆၇)ဦးအတွက် ဝတ်စုံဖိုးလှူဒါန်းခြင်း၊ သီရိသုခနာရေး ကူညီမှုအသင်းအတွက် လှူဒါန်းခြင်း၊ မငေးထိန်ကုန်းလျှပ်စစ်မီးလင်းရေးအတွက် တမာတကော အ.မ.က လျှပ်စစ်မီးသွယ်တန်းရန်အတွက် လှူဒါန်းခြင်း၊ တမာတကော မိခင်နှင့်ကလေး အမျိုးသမီးဝတ်စုံ (၅၀)ဦးအတွက် လှူဒါန်းခြင်း၊ ခလောက်ချိုက် မိခင်နှင့်ကလေး၊ အမျိုးသမီးဝတ်စုံ(၃၀)လှူဒါန်းခြင်း၊ ၃-၉-၂၀၁၅ ခရီးစဉ်အတွက် လှူဒါန်းခဲ့တဲ့ ဘိလပ်မြေကလည်း (၁၂၅၀)အိတ် လှူဒါန်းခဲ့ပြီးတော့ တွံတေးမြို့နယ် ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ ဝတ်စုံများနဲ့ ကျောင်းရွာဘုန်းကြီးကျောင်းတို့အတွက်များကို လှူဒါန်းခဲ့ပါတယ်။ အဲဒီ ခရီးစဉ်မှာ လှူဒါန်းငွေက (၅၁၁.၅)သိန်း ဖြစ်ပါတယ်။

၈။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဟာ ၅-၉-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်ကို သွားရောက်ပြီးတော့ ဒေသခံ ပြည်သူများနဲ့ တွေ့ဆုံပြီးတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက်အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပါတယ်။ အဲဒီခရီးစဉ်တွင် ဝါးဘလောက်သောက်ကျေးရွာ ရွာလယ်ကျောင်းဆရာတော်နဲ့ ကျောင်းရှိသံဃာတော်များ၊ ကော့မှူးမကျီးကန်ကျေးရွာမှာရှိတဲ့ ရဟန်း(၁၁)ပါးနှင့် ငှက်အော်စမ်း ဆရာတော်အား လှူဒါန်းငွေများလှူဒါန်းခြင်း၊ ဝါးဘလောက်သောက်ကျေးရွာ (၃၉)ရွာအုပ်စုအား ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့လှူဒါန်းခြင်း၊ ဝတ္ထုငွေဆပ်ကပ်ခြင်း၊ တကူပုံကျေးရွာနှင့် သဲအိုင်ကျေးရွာ ကျေးရွာချင်းဆက်လမ်းခင်းခြင်း၊ ခလောင်ကျေးရွာ မီးသဂြိုလ်စက်အတွက် လှူဒါန်းငွေများ ထောက်ပံ့လှူဒါန်းခြင်း၊ ဘန်ဘွေးအိုင်ကျေးရွာ၊ ဘုရားနီကျေးရွာ၊ ဖျံရွာချောင်ကျေးရွာ၊ ဘောလုံးကွင်းကျေးရွာ၊ စခန်းကြီးကျေးရွာ၊ တလုထွော်ကျေးရွာ၊ တောင်ချောင်ကျေးရွာ၊ ထန်းပင်ချောင်ကျေးရွာ၊ ကျုံဖာကျေးရွာလမ်း၊ ချောင်းဝကျေးရွာ၊ ရှမ်းစုကျေးရွာ၊ နံ့သာချောင်းကျေးရွာနှင့် ဇရပ်ကုန်းကျေးရွာတို့မှာ လမ်းခင်းရန်နှင့် လေးအိမ်စုကျေးရွာမှာ လျှပ်စစ်မီးသွယ်တန်းရန်အတွက် ထောက်ပံ့လှူဒါန်းခြင်း၊ ဘုရားလေးဆူကျေးရွာမှာ ရွာဦးဘုန်းကြီးကျောင်းအသစ် ပြန်လည်ဆောက်လုပ်ရန်အတွက် လှူဒါန်းခြင်း၊ စမ်းကောက်ကျေးရွာ မီးလင်းရေးအတွက်ကို ဆိုလာပြားဝယ်ရန်အတွက် လှူဒါန်းခြင်း၊ ဆပုဂံကျေးရွာ ဓာတ်မီးတိုင်မီးကြိုးသွယ်တန်းရန်အတွက် လှူဒါန်းခြင်းအား လှူဒါန်းခဲ့ပါတယ်။ အဲဒီကော့မှူးမြို့နယ် ခရီးစဉ်မှာ လှူဒါန်းငွေဟာ (၆၁၆) သိန်း ဖြစ်ပါတယ်။

၉။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဟာ ၇-၉-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်သို့ သွားရောက်ပြီးတော့ ဒေသခံပြည်သူများနဲ့ တွေ့ဆုံပြီးတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်ကို ဆက်လက်ပြီးတော့ လှူဒါန်းခဲ့ပါတယ်။ အဲဒီခရီးစဥ်မှာ တွံတေးမြို့ မင်္ဂလာပရဟိတ ကျောင်းဆရာတော်အား လှူဒါန်းခြင်း၊ တွံတေးမြို့နယ် သာသနာနုဂ္ဂဟတွေ့ဆုံပြီး ယဥ်ကျေးလိမ္မာ ဆုပေးပွဲလုပ်ခြင်း၊ တော်ခရမ်းအနောက်ကျေးရွာ၊ ကျွန်းချောင်းကျေးရွာ၊ မြတ်လေးရုံကျေးရွာ၊ ဆိပ်ကြီးကျေးရွာ၊ ညောင်ဝိုင်းကျေးရွာ၊ တောင်ကုန်းကျေးရွာနှင့် တော်ခရမ်းအရှေ့ကျေးရွာတို့မှာ လူမှုကူညီရေးအသင်းတို့အား ကူညီလှူဒါန်းခြင်း၊ တော်ခရမ်းအရှေ့ရွာ ရွာလယ်က ဘုန်းကြီးကျောင်းအား လှူဒါန်းခြင်း၊ တော်ကူးအနောက် ဘောလုံးကွင်းခြံစည်းရိုး ကာရံခြင်းနှင့် မှော်ဘီကျေးရွာ လမ်းခင်းရန်အတွက် လှူဒါန်းခြင်း၊ ခလောက်တရာကျေးရွာ အုပ်စု ရွာသစ်ဘုန်းကြီးကျောင်းအတွက် လှူဒါန်းခြင်း၊ မှော်ဘီကျေးရွာ လူမှုရေးအသင်းနှင့် တော်ကူးကျေးရွာအရှေ့၊ ခလောက်တရာကျေးရွာ၊ ပြည်တော်သာကျေးရွာ တော်ကူးအနောက်ကျေးရွာနှင့် ကမာပါကျေးရွာတို့မှာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းခဲ့ပါတယ်။ အဲဒီကို ဝါးဘလောက်သောက်ကျေးရွာ မှာလည်း လူနာတင်ကား(၁)စီးတို့အား ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။ အဲဒီအပြင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ် ခရီးစဥ်အတွက် လှူဒါန်းငွေမှာ (၁၀၆၅)သိန်းဖြစ်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တို၊ ဒလမြို့နယ်များအတွက်ကို စုစုပေါင်း လှူဒါန်းငွေပေါင်းဟာ (၆၅၅၂.၅၄)သိန်းတို့အား အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီရဲ့ကိုယ်စား ဇေကမ္ဘာမှ လှူဒါန်းခဲ့ပါတယ်။

၁၀။ နိဂုံးချုပ်အားဖြင့် ကော်မတီ အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ သဘာဝအန္တရာယ်သင့် ဒေသများ၊ စစ်ဘေးရှောင်ပြည်သူများ၊ မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ၁/၂၀၁၃ မှာ (၂၆၂၉) သိန်း၊ ၂/၂၀၁၃ မှာ (၁၈၇၄.၅၆၅)သိန်း၊ ၃/၂၀၁၄ မှာ (၂၃၉၈.၄၉)သိန်း၊ ၄/၂၀၁၄ မှာ (၆၂၈၂.၂၅၉)သိန်း၊ ၅/၂၀၁၄ မှာ (၁၁၁၈၅.၅၀၂)သိန်း၊ ၆/၂၀၁၅ မှာ (၈၈၅၆.၄၅၈)သိန်း၊ ၇/၂၀၁၅ မှာ (၈၄၆၁. ၂၇၂)သိန်းနှင့် ယခု ၈/၂၀၁၅ အစီရင်ခံစာမှာ (၆၅၅၂.၅၄)သိန်းတို့ကို လှူဒါန်းထောက်ပံ့ ပေးခဲ့သဖြင့် ၁/ ၂၀၁၃ အစီရင်ခံစာကနေပြီးတော့ ယနေ့ ၈/၂၀၁၅ အစီရင်ခံစာအထိ လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ်သိန်းပေါင်း (၄၇၂၄၀.၀၈၇)သိန်းဖြစ်ကြောင်း၊ အဲဒီငွေကိုလည်း ဇေကမ္ဘာကုမ္ပဏီမှ ကူညီထောက်ပံ့ လှူဒါန်းပေးခဲ့ပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည် ခင်ဗျား။

**အချိန်၊ ၁၂း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီရဲ့ အစီရင်ခံစာ(၈/၂၀၁၅)ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့သူများနှင့် အောင်ချက်အကောင်းဆုံးဆု ရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပုံ (ဃ)




ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပုံ (ဃ-၁)



ဝါးဘလောက်သောက်ကျေးရွာသို့ လူနာတင်ကား တစ်စီး ပေးအပ်လှူဒါန်းပုံ (ဃ-၂)




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက် နေ့ကို ၁၂း၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]